# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

## ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

## ၁၉၆၄ ခုနှစ်၊ စာကြည့်တိုက်၊ ပြတိုက်နှင့်ပြပွဲများကြီးကြပ်အုပ်ချုပ်ရေးဥပဒေ။

## [၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁။]

## ၁၃၂၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်။

## (၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကျေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

အမည်နှင့်စတင်အာဏာတည်သည့်နေ့ရက်။

၁။ ။ (၁) ဤဥပဒေကို၊ ၁၉၆၄ ခုနှစ်၊ စာကြည့်တိုက်၊ ပြတိုက်နှင့်ပြပွဲများကြီးကြပ်အုပ်ချုပ်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ အစိုးရကအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင်စတင်အာဏာတည် ရမည်။

### အခန်း ၁။

၂။ ။ ဤဥပဒေတွင်အခြားအဓိပ္ပါယ်ကောက်ယူရန်မလိုလျှင်-

**အဓိပ္ပါယ်ဖော်ပြချက်။**

(က) **"စာကြည့်တိုက်"** ဆိုသည်မှာ၊ အများပြည်သူတို့စာပေဖတ်ရှုရန်၊ သို့မဟုတ် စာပေငှါးရမ်းရန်ဖွင့် လှစ်ထားသည့်၊ သို့မဟုတ် ထားရှိသည့်နေရာ၊ သို့မဟုတ် အဆောက်အဦကိုဆိုလိုသည်။ ထို့ပြင် ထိုစကား ရပ်တွင်၊ အများပြည်သူတို့အတွက်ရည်ရွယ်၍ ဖွင့်လှစ်ထားသည့်စာကြည့်တိုက်၊ ပိဋကတ်တိုက်၊ စာကြည့် ခန်း၊ စာဖတ်ခန်း၊ စာကြည့်အသင်းနှင့်အများပြည်သူတို့စာပေဖတ်ရှုရန်၊ သို့မဟုတ် ငှါးရမ်းရန် ရည်ရွယ် ချက်ဖြင့်ဖွင့်လှစ်ထားသည့်၊ သို့မဟုတ် စာကြည့်တိုက်အဖြစ်အသိအမှတ်ပြုထားသည့် အခြားအလားတူ နေရာ၊ အခန်း၊ သို့မဟုတ် အဆောက်အဦများလည်းပါဝင်သည်။

(ခ) **"ပြတိုက်"** ဆိုသည့် စကားရပ်တွင်၊ အများပြည်သူတို့လေ့လာကြည့်ရှုရန်ရည်ရွယ်၍၊ ရှေးဟောင်း ပစ္စည်းများ၊ လောကဓါတ်သိပ္ပံဆိုင်ရာပစ္စည်းများ၊ အနုပညာလက်ရာများ၊ စာပေများ၊ သို့မဟုတ် ဗဟုသုတဖြစ်စေဘွယ်ရာ၊ သို့မဟုတ် စိတ်ဝင်စားဘွယ်ရာအခြား ဝတ္ထုပစ္စည်းများ ခင်းကျင်းပြသထား သည့်နေရာ၊ အခန်း၊ သို့မဟုတ် အဆောက်အဦများပါဝင်သည်။

(ဂ) **"ပြပွဲ"** ဆိုသည့်စကားရပ်တွင်၊ အများပြည်သူတို့ အတွက်ရည်ရွယ်၍ ဗဟုသုတဖြစ်စေရန်၊ သို့မဟုတ် စိတ်ဝင်စားစေရန်ပြသသည့် ဓါတ်ပုံပြပွဲ၊ ပန်းချီပြပွဲ၊ ပန်းပုပြပွဲ၊ စာပေပြပွဲ၊ ဆင်ယင်ထုံးဖွဲ့မှုပြပွဲ စသည့်ယဉ်ကျေးမှုပြပွဲများ၊ ကျန်းမာရေးပြပွဲ၊ ကိုယ်လက်ကြံ့ခိုင်ရေးပြပွဲ၊ လူမှုရေးပညာရေးဆိုင်ရာ ပြပွဲများ၊

Myanmar Law Information System (MLIS)

စက်မှုပညာပြပွဲ၊ လက်မှုပညာပြပွဲနှင့်အလားတူအခြားပြပွဲများပါဝင်သည်။

သို့ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံသားတို့၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာအားဖြင့်၊ မိမိတို့၏ရပ်ကွက်၊ ကျေးရွာဒေသအလိုက်၊ ဘာသာဘာဝအလျောက်ခင်းကျင်းပြသခြင်းများ မပါဝင်ချေ။

(ဃ) **"စာပေ"** ဆိုသည့်စကားရပ်တွင်၊ မည်သည့်ဘာသာဖြင့်မဆိုရေးသားထားသည့်၊ သို့မဟုတ် ပုံနှိပ် ထားသည့် လက်ရေးစာ၊ ပေစာ၊ ပုရပိုက်စာ၊ ကျောက်စာ၊ ပုံနှိပ်စာ၊ စာအုပ်၊ စာအုပ်အစိတ်အပိုင်း၊ စာတမ်း၊ စာရွက်အပြင်၊ တသီးတခြားချုပ်လုပ်ပုံနှိပ်ထားသည့်၊ သို့မဟုတ် ကျောက်ပုံနှိပ်ထားသည့်၊ သို့မဟုတ် အခြားနည်းစက်ဖြင့် ပြုလုပ်ထားသည့် တူရိယာတီးကွက်ပုံ၊ မြေပုံ၊ နယ်ပုံနှင့်ပုံစံအားလုံး လည်းပါဝင်သည်။

(င) **"ကော်မီတီ"** ဆိုသည်မှာ၊ ပုဒ်မ ၃ (၁) အရဖွဲ့စည်းထားသည့် မှတ်ပုံတင်ကော်မီတီကိုဆိုလိုသည်။

(စ) **"သတ်မှတ်သည်"** ဆိုသည်မှာ၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေများဖြင့်သတ်မှတ်သည်ကိုဆိုလို သည်။

## အခန်း ၂။

## ကော်မီတီနှင့်မှတ်ပုံတင်အရာရှိများ။

ကော်မီတီဖွဲ့စည်းခြင်း။

၃။ ။ (၁) ပြန်ကြားရေးဌာနတာဝန်ခံသည်၊ ဤဥပဒေအရ၊ တာဝန်ဝတ်တရားများကိုဆောင်ရွက်ရန် အလို့ငှါ၊ မှတ်ပုံတင်ကော်မီတီကိုဖွဲ့စည်းနိုင်သည်။

(၂) ပြန်ကြားရေးဌာနတာဝန်ခံသည်၊ ဤဥပဒေအရ တာဝန်ဝတ်တရားများဆောင်ရွက်ရန်၊ ဒေသအသီး သီးအတွက်မှတ်ပုံတင်အရာရှိနှင့် အခြားရာထမ်းမှုထမ်းများကို လိုအပ်သလိုခန့်ထားနိုင်သည်။

မှတ်ပုံတင်အရာရှိများ၏ အာဏာနှင့်တာဝန်ဝတ်တရားများ။

(၃) မှတ်ပုံတင်အရာရှိများနှင့် အခြားရာထမ်းမှုထမ်းများသည်၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့် ကျင်စေဘဲ၊ ကော်မီတီ၏ကြီးကြပ်အုပ်ချုပ်ခြင်းကို လိုက်နာ၍၊ သတ်မှတ်သည့်အာဏာနှင့်တာဝန်ဝတ် တရားများကိုသုံးစွဲဆောင်ရွက်ရမည်။

## အခန်း ၃။

## စာကြည့်တိုက်၊ ပြတိုက်နှင့်ပြပွဲများ။

စာကြည့်တိုက်၊ ပြတိုက်အတွက် မှတ်ပုံတင်ခြင်း။

၄။ ။ (၁) မည်သူမဆို၊ စာကြည့်တိုက်၊ သို့မဟုတ် ပြတိုက်ကို ဖွင့်လှစ်ခြင်း၊ သို့မဟုတ် ထားရှိခြင်းပြုရန် အတွက်၊ သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံသို့၊ သတ်မှတ်သည့်ပုံစံဖြင့်၊ သတ်မှတ်သည့်ကာလအပိုင်း အခြားအတွင်း၊ မှတ်ပုံတင်ရန်လျှောက်ထားရမည်။

(၂) မည်သူမျှ၊ ဤဥပဒေအရထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်အရ၊ ထိုလက်မှတ်ပါ စည်းကမ်းချက်များ၊ သို့မဟုတ် လိုအပ်ချက်များနှင့်အညီမဟုတ်ဘဲ၊ စာကြည့်တိုက်၊ သို့မဟုတ် ပြတိုက်ကို ဖွင့်လှစ်ခြင်း၊ သို့မဟုတ် ထားရှိခြင်း မပြုရ။

ပြပွဲအတွက်အခွင့်အမိန့်ရယူခြင်း။

၅။ ။ အခြားတည်ဆဲတရားဥပဒေတခုခုတွင်မည်သို့ပင်ပါရှိစေကာမူ၊ မည်သူမျှအမြဲတန်းအားဖြင့်ဖြစ်စေ၊ ယာယီအားဖြင့်ဖြစ်စေ၊ ပြပွဲတခုခုကိုမှတ်ပုံတင်အရာရှိ၏ အခွင့်အမိန့်မရဘဲ မပြသရ။

လျှောက်လွှာ နှင့်အတူပေးပို့ရမည့်အကြောင်းအရာများ။

၆။ ။ ပုဒ်မ ၄ အရ မှတ်ပုံတင်ရန်လျှောက်လွှာနှင့်အတူ၊ သတ်မှတ်သည့်စာတမ်းအမှတ်အသားများနှင့် အကြောင်းအရာများကိုပေးပို့ရမည်။

မှတ်ပုံတင်သက်သေခံလက်မှတ်၊ သို့မဟုတ် အခွင့်အမိန့်ထုတ်ပေးခြင်း။

၇။ ။ (၁) မှတ်ပုံတင်အရာရှိသည်၊ စာကြည့်တိုက်၊ သို့မဟုတ် ပြတိုက်ဖွင့်လှစ်ထားရှိရန် မှတ်ပုံတင်သက်သေခံလက်မှတ်အတွက်ဖြစ်စေ၊ ပြပွဲပြသရန်အခွင့်အမိန့်အတွက်ဖြစ်စေ၊ လျှောက်လွှာရရှိသည့်အခါ၊ လျှောက်လွှာတွင်ဖော်ပြထားသည့်အကြောင်းအရာများမှန် မမှန်ကိုင်း၊ မိမိသင့်သည်ထင်မြင်သည့် အခြားအချက်များကိုင်း၊ စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက်၊ ကြေနပ်လျှင်၊ မှတ်ပုံတင်သက်သေခံလက် မှတ်၊ သို့မဟုတ် အခွင့်အမိန့်သက်ဆိုင်ရာရာကိုထုတ်ပေးရန်၊ သို့မဟုတ် မကျေနပ်လျှင်၊ ထုတ်မပေးရန် မိမိ၏အစီရင်ခံချက်နှင့်တကွအမှုတွဲကို မှတ်ပုံတင်ကော်မီတီထံသို့ပေးပို့ရမည်။

(၂) ကော်မီတီသည်၊ ပုဒ်မခွဲ (၁)အရ ပေးပို့သည့် အမှုတွဲကိုရရှိသည့်အခါ၊ စဉ်းစားဆင်ခြင်၍၊ မိမိသင့်တော်သည်ထင်မြင်သည့်အတိုင်း၊ အဆိုပါမှတ်ပုံတင်သက်သေခံလက်မှတ်၊ သို့မဟုတ် အခွင့်အမိန့်သက်ဆိုင်ရာရာထုတ်ပေးရန်အမိန့်ကိုသော်ငင်း၊ ထုတ်မပေးဘဲနေရန်အမိန့်ကိုသော်ငင်း၊ ချမှတ်ပြီးနောက်၊ ထိုအမှုတွဲကိုမိမိချမှတ်သည့်အမိန့်နှင့်တကွ၊ မှတ်ပုံတင်အရာရှိထံ လိုက်နာဆောင်ရွက်ရန်ပေးပို့ရမည်။

မှတ်ပုံတင်သက်သေခံလက်မှတ်၊ သို့မဟုတ် အခွင့်အမိန့်အတည်ဖြစ်ရမည့်ကာလအပိုင်းအခြား။

၈။ ။ (၁) ဤဥပဒေအရထုတ်ပေးသည့် မှတ်ပုံတင်သက်သေခံလက်မှတ်သည်၊ သတ်မှတ်သည့် ကာလအပိုင်းအခြားအတွင်းအတည်ဖြစ်စေရမည်။ပြပွဲအတွက် ထုတ်ပေးသည့်အခွင့်အမိန့်သည်၊ ထိုအမိန့်တွင်ဖော်ပြထားသည့် ကာလအပိုင်းအခြား အတွင်းအတည်ဖြစ်စေရမည်။

(၂) ပုဒ်မခွဲ (၁)တွင် ရည်ညွှန်းသည့်မှတ်ပုံတင်သက်သေခံလက်မှတ်ကို သတ်မှတ်သည့်အတိုင်း အသစ်လဲလှယ်ရန်လျှောက်ထားနိုင်သည်။

မှတ်ပုံတင်သက်သေခံလက်မှတ်၊ သို့မဟုတ် အခွင့်အမိန့်ရုပ်သိမ်းခြင်း။

၉။ ။ စာကြည့်တိုက်၊ သို့မဟုတ် ပြတိုက်အတွက် မှတ်ပုံတင်သက်သေခံလက်မှတ်ကိုသော်ငင်း၊ ပြပွဲအတွက်အခွင့်အမိန့်ကိုသော်ငင်း၊ လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်ဖြစ်စေ၊ မရိုးဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ ရယူကြောင်းစုံစမ်းစစ်ဆေးစေ၍ တွေ့ရှိလျှင်၊ သို့မဟုတ် အစိုးရမူဝါဒနှင့်ဆန့်ကျင်

Myanmar Law Information System (MLIS)

သည်ဟူ၍သော်၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအကျိုး ထိခိုက်စေမည့်အကြောင်းများ ရှိသည်ဟူ၍သော် ၎င်း၊ ထင်မြင်ယူဆလျှင်၊ ထုတ်ပေးထားသည့်မှတ်ပုံတင်သက်သေခံလက်မှတ်၊ သို့မဟုတ် အခွင့်အမိန့်ကို၊ ကော်မီတီကရုပ်သိမ်းနိုင်သည်။

## အခန်း ၄။

### ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်၊ပြတိုက်၊ သို့မဟုတ် ပြသသည့်ပြပွဲများ။

ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ ဖွင့်လှစ်ထားရှိသောစာကြည့်တိုက်၊ ပြတိုက်၊ သို့မဟုတ် ပြသသောပြပွဲများပိတ်ခြင်း။

၁၀။ ။ (၁) ရဲအရာရှိ၊ သို့မဟုတ် ဤကိစ္စအလို့ငှါ အစိုးရကအာဏာအပ်နှင်းထားသောအခြားသူတဦးဦး သည်၊ ဤဥပဒေပါပြဋ္ဌာန်းချက်များ နှင့်ဆန့်ကျင်၍ဖွင့်လှစ်ထားရှိသော စာကြည့်တိုက်၊ သို့မဟုတ် ပြတိုက်၊ သို့မဟုတ် ပြသသောပြပွဲမည်သည်ကိုမဆို ပိတ်နိုင်သည်။

(၂) ခရိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ပဋ္ဌမတန်း ရာဇဝတ်တရားသူကြီးတဦးဦးသည်၊ ရဲအုပ်ရာထူးအဆင့်အတန်းအောက်မနိမ့်သော ရဲအရာရှိတဦးဦး အား၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ဖွင့်လှစ်ထားရှိသောစာကြည့်တိုက်၊ သို့မဟုတ် ပြတိုက်၊ သို့မဟုတ် ပြသသောပြပွဲမည်သည်ကိုမဆို၊ ဝင်ရောက်စစ်ဆေးရန်ဝါရမ်းစာနှင့် အာဏာအပ်နှင်းနိုင် သည်။ အဆိုပါရဲအရာရှိသည်၊ ထိုစာကြည့်တိုက်၊ ပြတိုက်၊ သို့မဟုတ် ပြပွဲတွင်တွေ့ရှိသောစာပေများနှင့် အခြားအရာဝတ္ထုပစ္စည်းများကို သိမ်းယူသင့်သည်ဟု ယူဆလျှင်သိမ်းယူနိုင်သည်။

(၃) ပုဒ်မခွဲ (၂) အရ သိမ်းယူသောစာပေအရာဝတ္ထုပစ္စည်းအားလုံးကို၊ ဝါရမ်းစာထုတ်ဆင့်သော ခရိုင် ရာဇဝတ်တရားသူကြီးရုံး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီးရုံး၊ သို့မဟုတ် ပဋ္ဌမတန်းရာဇဝတ် တရားသူကြီးရုံးသို့၊ ဆောလျင်နိုင်သမျှ ဆောလျင်စွာတင်ပြရမည်။

(၄) အဆိုပါစာပေအရာဝတ္ထုပစ္စည်းများထားရှိပြသခြင်းမှာ၊ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်၍ ထားရှိပြသခြင်းဖြစ်သည်ဟု အဆိုပါ ရာဇဝတ်တရားသူကြီး၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ပဋ္ဌမတန်းရာဇဝတ်တရားသူကြီးကဖြစ်စေ၊ အဆိုပါခရိုင်ရာဇဝတ်တရားသူကြီးရုံး၊ နယ်ပိုင်ရာဇဝတ် တရားသူကြီးရုံး၊ သို့မဟုတ် ပဋ္ဌမတန်းရာဇဝတ်တရားသူကြီးရုံးကဖြစ်စေ၊ ယူဆလျှင်၊ ထိုစာပေ အရာဝတ္ထုပစ္စည်းများကို သိမ်းဆည်းစေနိုင်သည်၊ သို့မဟုတ် ဖျက်ဆီးစေနိုင်သည်။

## အခန်း ၅။

### ပြစ်ဒဏ်များ။

ပုဒ်မ ၄၊ ၅၊ သို့မဟုတ် ပုဒ်မ ၆ နှင့်စပ်လျဉ်းသည့်ပြစ်ဒဏ်။

Myanmar Law Information System (MLIS)

၁၁။ ။ မည်သူမဆို၊ ပုဒ်မ ၄၊ ၅၊ သို့မဟုတ် ပုဒ်မ ၆ ပါပြဋ္ဌာန်းချက်တခုခုကို လိုက်နာရန်ပျက်ကွက်လျှင်၊ သို့မဟုတ် ဆန့်ကျင်လျှင်၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထက်မပိုသောငွေ ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

မဟုတ်မမှန်ဖော်ပြသည့်အတွက်ပြစ်ဒဏ်။

၁၂။ ။ မည်သူမဆို၊ ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများအရဖြစ်စေ၊ လျှောက်ထားချက်တခုခုပြုလုပ်ရာ၌ မဟုတ်မမှန်သည်လည်းဖြစ်၍၊ မဟုတ်မမှန်ဟု မိမိသိရှိ၊ သို့မဟုတ် ယုံကြည်သည်လည်းဖြစ်သော၊ သို့မဟုတ် မှန်သည်ဟုမိမိယုံကြည်ခြင်းလည်းမရှိသော အကြောင်းအရာ ကိုဖော်ပြလျှင်၊ သုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

မှတ်ပုံတင်သက်သေခံလက်မှတ်၊ သို့မဟုတ် အခွင့်အမိန့်ရုပ်သိမ်းပြီးနောက်၊ စာကြည့်တိုက်၊ပြတိုက်၊ ပြပွဲဆက်လက်ဖွင့်လှစ်ထားရှိပြသခြင်းအတွက်ပြစ်ဒဏ်။

၁၃။ ။ မည်သူမဆို၊ မိမိအားထုတ်ပေးထားသည့်မှတ်ပုံတင်သက်သေခံလက်မှတ်၊ သို့မဟုတ် အခွင့်အမိန့် ရုပ်သိမ်းပြီးနောက်၊ သို့မဟုတ် အတည်ဖြစ်ခြင်းမှရပ်စဲပြီးနောက်၊ စာကြည့်တိုက်၊ သို့မဟုတ် ပြတိုက်၊ သို့မဟုတ် ပြပွဲကိုဆက်လက်ဖွင့်လှစ်ထားရှိပြသလျှင်၊ သုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ် ထောင်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

နည်းဥပဒေကိုမလိုက်နာသည့်အတွက်၊ သို့မဟုတ် ဆန့်ကျင်သည့်အတွက်ပြစ်ဒဏ်။

၁၄။ ။ မည်သူမဆို၊ ဤဥပဒေအရပြုသည့်နည်းဥပဒေတခုခုကို လိုက်နာရန်ပျက်ကွက်လျှင်၊ သို့မဟုတ် ဆန့်ကျင်လျှင်၊ သုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ထောင်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည်။

## အခန်း ၆။

## အထွေထွေ။

ကော်မီတီ၏ဆုံးဖြတ်ချက်ကိုအယူခံဝင်ခြင်း။

၁၅။ ။ ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများအရဖြစ်စေ၊ ကော်မီတီကချမှတ်သော ဆုံးဖြတ်ချက်ကိုမကျေနပ်လျှင်၊ ပြန်ကြားရေးဌာနတာဝန်ခံထံသို့ သတ်မှတ်သည့်နည်းလမ်းအတိုင်း၊ သတ်မှတ်သည့်ကာလအပိုင်းအခြားအတွင်းအယူခံဝင်နိုင်သည်။ ပြန်ကြားရေးဌာနတာဝန်ခံ၏ ဆုံးဖြတ် ချက်သည်၊ အပြီးအပြတ်အတည်ဖြစ်စေရမည်။

ကင်းလွတ်ခွင့်ပြုရန်အာဏာ။

Myanmar Law Information System (MLIS)

၁၆။ ။ အစိုးရသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ မည်သည့်စာကြည့်တိုက်၊ ပြတိုက်၊ သို့မဟုတ် ပြပွဲကို မဆို၊ ဤဥပဒေပါပြဋ္ဌာန်းချက်အားလုံး၊ သို့မဟုတ် တခုခုနှင့်သက်ဆိုင်ခြင်းမှ၊ စည်းကမ်းချက်များထား ၍ဖြစ်စေ၊ မထားဘဲဖြစ်စေ၊ ကင်းလွတ်ခွင့်ပြုနိုင်သည်။

တရားစွဲဆိုခြင်းကိုပိတ်ပင်ခြင်း။

၁၇။ ။ ဤဥပဒေနှင့်အညီဖြစ်စေ၊ ဤဥပဒေအရပြုသည့် နည်းဥပဒေတခုခုနှင့်အညီဖြစ်စေ၊ သဘောရိုးဖြင့် ဆောင်ရွက်သည့်ကိစ္စတခုခုအတွက်၊ မည်သူ့ကိုမျှ တရားမမှု၊ ရာဇဝတ်မှု၊ သို့မဟုတ် အခြားတရားမှုခင်း စွဲဆိုခြင်းမပြုရ။

ပြည်သူ့ဝန်ထမ်းဟု မှတ်ယူခြင်း။

၁၈။ ။ ကော်မီတီလူကြီး၊ မှတ်ပုံတင်အရာရှိနှင့်အခြားရာထမ်းမှုထမ်းအားလုံးသည်၊ ဤဥပဒေနှင့်အညီ ဖြစ်စေ၊ ဤဥပဒေအရပြုသည့်နည်းဥပဒေတခုခုနှင့်အညီဖြစ်စေ၊ ဆောင်ရွက်သည့်၊ သို့မဟုတ် ဆောင်ရွက်သောသဘောသက်ရောက်သည့်ပြုမှုတခုခုကိုပြုသောအခါ၊ ရာဇသတ်ကြီးပုဒ်မ ၂၁ အဓိပ္ပါယ် အရ၊ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

အခွင့်အမိန့်မရဘဲတရားမစွဲဆိုရခြင်း။

၁၉။ ။ ဤဥပဒေအရဖြစ်သော မည်သည့်ပြစ်မှုကိုမဆို၊ အစိုးရ၏၊ သို့မဟုတ် ဤကိစ္စအလို့ငှါ အစိုးရက အာဏာအပ်နှင်းထားသည့် အာဏာပိုင်၏ အခွင့်အမိန့်မရရှိဘဲ၊ မည်သည့်တရားရုံးတွင်မျှတရားစွဲဆိုခြင်း မပြုရ။

နည်းဥပဒေပြုအာဏာ။

၂၀။ ။ (၁) အစိုးရသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ဤဥပဒေပါကိစ္စများအထမြောက်အောင်ဆောင် ရွက်ရန်အလို့ငှါ၊ နည်းဥပဒေများပြုနိုင်သည်။ ညွှန်ကြားချက်များထုတ်နိုင်သည်။

(၂) အထူးအားဖြင့်၊ အထက်ပါအာဏာများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ အဆိုပါ နည်းဥပဒေများကို အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည်။

(က) ကော်မီတီနှင့် မှတ်ပုံတင်အရာရှိများ၏ အာဏာနှင့်တာဝန်ဝတ်တရားများကိုင်၊ အစိုးရအရာရှိ မဟုတ်သော ကော်မီတီလူကြီးများအားပေးရမည့် အခကြေးငွေများကိုင်၊ သတ်မှတ်ရန်ကိစ္စ။

(ခ) မှတ်ပုံတင်သက်သေခံလက်မှတ်၊ အသစ်လဲလှယ်သည့်မှတ်ပုံတင်သက်သေခံလက်မှတ်၊ သို့မဟုတ် အခွင့်အမိန့်အတွက်ပေးဆောင်ရမည့် အခကြေးငွေများ သတ်မှတ်ရန်ကိစ္စ။ အခကြေးငွေပေးဆောင်ခြင်း မှကင်းလွတ်ခွင့်ပြုသည့်ကိစ္စ။

(ဂ) စာကြည့်တိုက်၊ ပြတိုက်၊ သို့မဟုတ် ပြပွဲဖွင့်လှစ်ထားရှိပြသသူ၊ သို့မဟုတ် စီမံအုပ်ချုပ်သူများ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ၊ သို့မဟုတ် လိုအပ်ချက်များကို သတ်မှတ်ရန်ကိစ္စ။

(ဃ) ဤဥပဒေအရ၊ နည်းဥပဒေများဖြင့် သတ်မှတ်ရန် လိုသည့်အခြားကိစ္စများ။

ဗိုလ်နေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်။
(၁၉၆၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်။)

အမိန့်အရ၊
ဒု-ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

Myanmar Law Information System (MLIS)